# اعمال جمعه

# သောကြာနေ့၏ ထူးမြတ်မှု နှင့် ကျင့်စဉ်များ





ရှာဖွေတင်ပြသူ – ဇိုင်နွလ် အာဗီဒီးန် (ဟာဖိဇ်ကြီး – မုံရွာ)

# اعمال جمعہ

# သောကြာနေ့၏

# ထူးခြားမှု

နှင့်

# ကျင့်စဉ်များ




ရှာဖွေတင်ပြသူ – ဗိုင်နွယ် အာဗိဒိုး၏ (ဟာဖိဇ်ကြီး – မုံရွာ)

[ အအိ်မာလိဂျုဖူအဟ် ]

# သောကြာနေ့၏

# ထူးမြတ်မှု

နှင့်

# ကျင့်စဉ်များ


ရှာဖွေတင်ပြသူ

ရိုင်နွှလ်အာမိဒိးန်

(ဟာပၼ်ရ်ကြီး)

မုံရွာ

# အမှာစကား။

بسم الله الرحمن الرحيم

الحمد لله وكفى وسلام على عباده الذين اصطفى - اما بعد

ဂျုမုအဟ်နေ့သည် တမန်တော်မြတ် (ﷺ) ၏ အုမ္မသ်သားများ အတွက် အဖိုးမဖြတ်နိုင်သော ဆုလာဘ်ကြီးတစ်ခုပင် ဖြစ်ပါသည်။

မိမိသက်တမ်းတစ်လျှောက် ရရှိသော ဂျုမုအဟ်နေ့များအနက် ဂျုမုအဟ်နေ့ တစ်ရက်မျှ မှန်ကန်စွာ ကုန်ဆုံးစေပါက နောင်တမလွန်အတွက် မရေတွက်နိုင်သော အကျိုးစဝါးဗ်များ ရရှိနိုင်စရာ အကြောင်းရှိပါသည်။

သောကြာနေ့၏ ထူးမြတ်မှုနှင့် ကျင့်စဉ်များကို ခိုင်လုံ တိကျသော ကျမ်းငယ်၌ လေ့လာဖတ်ရှုမိပါသည်။ ၎င်းကျင့် စဉ်များကို အီမာန်ရှင် ညီနောင်များပါ သိရှိပြီး လိုက်နာကျင့်သုံးကြမည်ဆိုလျှင် ကျွန်ုပ်အတွက် ကြီးမားသော ဆွဒ်ကဟ် ဂျာရီယဟ်ဖြစ်နိုင်သည်ဟု ဆင်ခြင်သုံးသပ်မိသဖြင့် ပုံနှိပ်ဖြန့်ချိလိုက်ခြင်း ဖြစ်ပါသည်။

အလ္လာဟ်အရှင်မြတ်သည် ဤမှတ်စုကို လက်ခံကဗူးလ် ပြုတော်မူ၍ ကျွန်ုပ်နှင့်တကွ အီမာန်ရှင်များကိုပါ လိုက်နာကျင့်သုံးနိုင်စွမ်း ချီးမြှင့်ပေးသနားတော်မူပါ။ အာမီးန်

ရှာဖွေတင်ပြသူ

ရှိုင်ခ်နူလ်အာဗိဒိးန်

(ဟာဖစ်ဇ်ကြီး)

မုံရွာ

# ဂျုမ္မအဟ် [သော့ကြာနေ့] ၏ ထူးကဲမြင့်မြတ်မှု

نَحْمَدُهٗ وَنُصَلِّىْ عَلٰى رَسُوْلِهِ الْكَرِيْمِ

၁။ တမန်တော်မြတ် (ﷺ) က "ဂျုမုအဟ် နေ့တွင် အချိန်တစ်ချိန် ရှိသည်။ မွတ်စ်လင်မ်တစ်ဦးသည် ယင်းအချိန်၌ အလ္လာဟ်အရှင်မြတ်ထံ ဒိုအာ (တောင်းခံမှု) ပြုလျှင် အလ္လာဟ်အရှင်မြတ်က "လက်ခံ ကဗူးလ် ပြုတော်မူမည် ဖြစ်သည်" ဟု မိန့်ကြားတော်မူခဲ့သည်။

(ဗုခါရီနှင့် မွတ်စ်လင်မ်ကျမ်း)

မှတ်ချက်။ ။ သော့ကြာနေ့တွင် ဒိုအာ လက်ခံကဗူးလ် ပြုသော အချိန်နှင့်စပ်လျဉ်း၍ အဆိုအမျိုးမျိုး လာရှိသည်။ ယင်းအဆိုများအနက် အောက်ပါ အဆို (၂) ခုသည် အလွန်ကျော်ကြား၏။

(က) အီမာမ် (ရှေ့ဆောင်) 'ခွတ်သ်ဗဟ်' ပေးရန် 'မင်မ်ဘရ်' ပေါ် တက်သောအချိန်မှစ၍ ဂျုမုအဟ်နမာဇ် အဆုံးသတ်သည့် အချိန်အတွင်း၊ (သို့သော် 'ခွတ်သ်ဗဟ်' ပေးနေချိန်၌ ဒိုအာမပြုရ)။

(ခ) အစွ်ရ်နမာဇ် ဝတ်ပြုပြီးချိန်မှစ၍ နေဝင်ချိန် အတွင်း။

၂။ တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ မည်သည့် အီမာန်ရှင်မဆို 'ဂျုမုအဟ်' နေ့ သို့မဟုတ်

'ဂျုမုအဟ်ည'၌ သေဆုံးခဲ့သော် ထိုသူသည် ကဗရ်၏ အဇာဗ်မှ လွတ်ကင်းပြီး ကိယာမသ်နေ့၌ "ရှဟီးဒ်" ဟူသော ဘွဲ့တံဆိပ် ခတ်နှိပ်ခြင်းခံရသော အဖြစ်နှင့် ရှင်ပြန်ထရမည်။

၃။ ဂျုမုအဟ်နေ့သည် နေ့များအနက် အမြင့်မြတ်ဆုံး ဖြစ်၏။ အလ္လာဟ်အရှင်မြတ်က အာဒမ် (عليه السلام) သခင်ကို ဂျုမုအဟ်နေ့၌ ဖန်ဆင်းတော်မူခဲ့သည်။ ဂျုမုအဟ်နေ့၌ပင် အာဒမ် (عليه السلام) သခင်အား ဂျန္နသ်အတွင်းသို့ သွင်းတော်မူခဲ့သည်။ဂျုမုအဟ်နေ့၌ပင် ဂျန္နသ်မှ လောကမြေပြင်သို့ ပို့ဆောင်ခြင်း ခံခဲ့ရသည်။ ဂျုမုအဟ်နေ့၌ပင် ကိယာမသ် ရောက်ရှိလာမည်။ (မွတ်စ်လင်မ်ကျမ်း)

၄။ ဂျုမုအဟ်နေ့၌ ရေချိုးခြင်းဖြင့် လူသား၏ အပြစ်ဂိုနာဟ်များသည် (ကိုယ်ခန္ဓာရှိ အမွေးအမှင်တိုင်းကို အမြစ်မှ နှုတ်ပစ်သကဲ့သို့)ပလပ်သွားလေသည်။ (သွစ်ဗ်ရာနီကျမ်း)

## ဂျုမုအဟ်နမာဇ်၏ ထွတ်မြတ်မှု

၁။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်တော်မူသည်။ ဂျုမုအဟ်နမာဇ်ကို ဂျမာအသ်နှင့်တကွ ဝတ်ပြုရန်မှာ (ဖရဲဇ်) မပြုမနေရ တာဝန်ဖြစ်သည်။ သို့သော် အောက်ပါ

ပုဂ္ဂိုလ်များအပေါ်တွင် တာဝန်မရှိ။ (၁) သူတစ်ပါးလက်အောက်ခံ၊ ကျေးကျွန်၊ (၂) ရောဂါသည်၊ (၃) အရွယ်မရောက်သေးသူ၊ (၄) အမျိုးသမီးနှင့် (၅) ခရီးသည်။

(အဘူဒါဝူဒ်ကျမ်း)

၂။ တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ ဂျုမ္မအဟ်နေ့၌ ဖရစ်ရှ်သဟ်အချို့သည် ဗလီတံခါးပေါက်သို့ ရောက်ရှိလာပြီး၊ ဂျုမ္မအဟ်နမာဇ် ဝတ်ပြုရန် လာသူတို့၏ အမည်စာရင်းများကို ရေးမှတ်ကြသည်။ ဗလီသို့ ပထမဆုံး ရောက်လာသူသည် မက္ကာဟ်မြို့တော်သို့ ကုရ်ဘာနီပြုရန် ကုလားအုတ်တစ်ကောင် ပေးပို့သကဲ့သို့ အကျိုးစဝါးဗ် ရရှိမည်ဖြစ်၏။ ဒုတိယ ရောက်သူသည် နွားတစ်ကောင်၊ ထို့နောက်မှ ရောက်လာသူသည် (ဒွန်ဘာ) သိုးတစ်ကောင်၊ ထို့နောက်မှ ရောက်လာသူသည် ကြက်တစ်ကောင်၊ ထို့နောက်မှ ရောက်သူသည် ကြက်ဥတစ်လုံး ပေးပို့ လှူဒါန်းသကဲ့သို့ ဖြစ်သည်။ ထို့နောက် အိမာမ်က 'ခွတ်သ်ဗဟ်' ပေးရန် ရပ်သောအခါ ဖရစ်ရှ်သဟ်များသည် စာရင်းမှတ်တမ်းများကို ပိတ်ပြီး 'ခွတ်သ်ဗဟ်' နားထောင်ရန် ဗလီအတွင်းသို့ ဝင်ရောက်ထိုင်ကြလေသည်။

(ဗုခါရီ ကျမ်း– မွတ်စ်လင်မ်ကျမ်း)

ဤဟဒီးစ်၏ ရည်ရွယ်ချက်မှာ ဂျုမ္မအဟ်နမာဇ်အတွက် ဗလီသို့ စောစီးစွာ လာရောက်ရန် တိုက်တွန်း

နှိုးဆော်ချက်ပင် ဖြစ်သည်။ ရှေ့နောက် ရောက်လာသူတို့၏ စဝါးဗ်အဆင့်အတန်း ကွာခြားချက်ကို ကုရ်ဘာနီမျိုးစုံတို့နှင့် နှိုင်းယှဉ်၍ တင်ပြလိုရင်း ဖြစ်သည်။

၃။ တမန်တော်မြတ် (ﷺ) သည် နမာဇ်ဝတ်ပြုရာတွင် ပထမဦးဆုံးအတန်းများ၌ ရှိသူများအတွက် 'အစ်စ်သိဂ်ဖားရ်' (၃) ကြိမ် ပြုပေးတော်မူသည်။

၄။ အိမာမ် ဂဇာလီ (ရဟ်) သခင် အမိန့်ရှိသည်။ မွတ်စ်လင်မ်တို့သည် အရှက်ထားသင့်ကြ၏။ အကြောင်းမှာ ယဟူးဒ် နစ္စာရာတို့သည် မိမိတို့၏ ဝတ်ပြုနေ့များ၌ ခဝတ်မှုပြုရန် ဝတ်ကျောင်းများသို့ ဝီရိယဖြင့် စောစီးစွာ သွားရောက်ကြသည်။ လောကီလိုလားသူတို့သည် အရောင်းအဝယ်ပြုရန် ဈေးသို့ စောစီးစွာပင် သွားကြသည်။ သို့ရှိရာ သာသနာလိုလားသူတို့သည် ဂျုမုအဟ်နေ့၌ ထိုသူတို့ ဝီရိယထားသည်ထက် ပို၍ ဝီရိယထားကာ စောစီးစွာ ဗလီသို့ သွားသင့်၏။

၅။ တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ အကြင်သူ ဂျုမုအဟ်နေ့၌ ရေချိုးမည်၊ ဂျုမုအဟ်နမာဇ်ဝတ်ပြုရန် ဗလီသို့ သွားမည်၊ တတ်စွမ်းနိုင်သမျှ (စွန္နသ်၊ နဖိလ်) နမာဇ်များကို ဝတ်ပြုမည်၊ ထို့နောက် အိမာမ် ခွတ်သ်ဗဟ် ပေးပြီးသည်အထိ တိတ်ဆိတ် ငြိမ်သက်စွာ

ထိုင်နေမည်၊ ထို့နောက် အိမာမ်၏နောက်မှ ဂျုမုအဟ် နမာဇ် ဝတ်ပြုမည်။ သို့ရှိရာ အလ္လာဟ်အရှင်မြတ်က ဂျုမုအဟ်နှစ်ခုကြားအလယ်၌ ထိုသူ ကျူးလွန်မိခဲ့သော ဂိုနာဟ် (ဆွဂီရာဟ်) အားလုံးကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူမည်၊ သို့မျှသာမက နောက်ထပ် (၃) ရက် ၌ ကျူးလွန်မိသော အပြစ်ဂိုနာဟ်များကိုပင် ခွင့်လွှတ် ချမ်းသာ ပေးသနားတော်မူမည်။

**မှတ်ချက်** ။ ။ စုစုပေါင်း (၁၀) ရက်၏ ဂိုနာဟ်များကို ခွင့်လွှတ်ချမ်းသာပေးခြင်း ခံရမည်။

၆။ တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ ဂျုမုအဟ်နေ့၌ ရေချိုးလျှင် ထိုသူ၏ အပြစ်ဂိုနာဟ်အား လုံး လွတ်ငြိမ်းချမ်းသာခွင့် ရရှိသွား၏။ ထိုနေ့၌ ဂျုမုအဟ် နမာဇ် ဝတ်ပြုရန် ဆန္ဒဖြင့် ဗလီသို့သွားလျှင် ခြေလှမ်း တိုင်း၌ ကုသိုလ် (၂၀) ကျစီ ရေးမှတ်ခြင်း ခံရမည်။ နမာဇ်ဖတ်ပြီးသောအခါ နှစ်ပေါင်း (၂၀၀) အိဘာဒသ် ပြုသော စဝါးဗ် ရရှိသွားလေသည်။

# ဂျုမ္မအဟ်နမာဇ်ကို စွန့်လွှတ်ခြင်း၏ အပြစ်ဒဏ်

၁။ အဗ်ဒွလ္လာဟ် ဗင်န်အုမရ်နှင့် အဘူဟုရိုင်ရာဟ် (ﷺ) သခင်တို့က မိန့်သည်မှာ ဇာမန်တော်မြတ် (ﷺ) သည် မင်မ်ဘရ်ပေါ်မှ ဤသို့ မိန့်ကြားသည်ကို ကျွန်ုပ်တို့ ကြားခဲ့သည်။ အို…, ဂျုမှအဟ်နမာဇ်ကို စွန့်လွှတ်သူတို့…, မိမိတို့၏ (ဂျုမှအဟ် မဖတ်ဘဲနေသော) လုပ်ရပ်ကို ရပ်တန့်ကြပါ။ သို့မဟုတ်ပါက (ဂျုမှအဟ်လွှတ်သော ပြစ်မှုအစား) အလ္လာဟ်အရှင်မြတ်က အသင်တို့၏ စိတ်နှလုံး၌ တံဆိပ် ခတ်နှိပ်တော်မူမည်။ သို့ဖြင့် အသင်တို့သည် မေ့လျော့သူများအနက်မှ ဖြစ်သွားလိမ့်မည်။ (မွတ်စ်လင်မ်ကျမ်း)

ဤသို့ ဂျုမှအဟ်နမာဇ်ကို စွန့်လွှတ်ခြင်း၏ အ,မင်္ဂလာကြောင့် ထိုသူသည် မိမိကိုယ်ကို ပြုပြင်နိုင်သော စွမ်းအားမှ လက်မဲ့ဖြစ်သွားလိမ့်မည်ဟု ဆိုလိုသည်။

၂။ တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ အကြင်သူ အကြောင်းမဲ့ ဂျုမှအဟ်နမာဇ်ကို စွန့်လွှတ်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်က ထိုသူကို ရေးပြီးနောက် ဖျက်သိမ်းခြင်း မရှိသော စာရင်းစာအုပ်၌ "မိုနာဖစ်က်" (မွတ်စ်လင်မ် အယောင်ဆောင်) ဟု ရေးမှတ်စေသည်။

၃။ တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ အကြင်သူ ပျင်းရိပေါ့ဆမှုကြောင့် ဂျုမုအဟ်နမာဇ် (၃) ပတ် စွန့်လွှတ်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်က ထိုသူ၏ စိတ်နှလုံးအပေါ် တံဆိပ်ခတ်နှိပ်တော်မူသည်။

(အဘူဒါဝူဒ်၊ သိရ်မိဇီ၊ နစာအီ၊ အိဗ်နုမာဂျဟ်ကျမ်း)

**မှတ်ချက်** ။ ။ အထက်ပါ ဟာဒီးစ်တော်များ၌ ဂျုမုအဟ်နမာဇ်၏ အရေးကြီးမှုနှင့် အကြောင်းမဲ့ စွန့်လွှတ်ခြင်းဖြင့် ကျရောက်မည့် အပြစ်ဒဏ်ကို ရှင်းလင်းစွာ တင်ပြသတိပေးထားသည်။

ဤသို့ အလ္လာဟ်အမိန့် ဖီဆန်သူတို့မှာ အလ္လာဟ်အရှင်မြတ်၏ ကရုဏာအရှု့မှ ကျကာ နှလုံးသားအပေါ် တံဆိတ်ခတ်ခြင်း ခံရစမြဲပင် ဖြစ်သည်။

## ဂျုမ့အဟ်နေ့၏ ကျင့်စဉ်များ

### ၁။ တနှစ်အိဘာဒသ်ပြုသော စဝါးဗ်ရစေမည့် ကျင့်စဉ်။

ဂျုမုအဟ်နေ့တွင် အောက်ပါကျင့်စဉ် (၉) ရပ်ကို လိုက်နာကျင့်သုံးလျှင် ခြေလှမ်းတိုင်းနှင့်အမျှ တနှစ် ရိုဇာဟ် စောင့်ထိန်းသော အကျိုးစဝါးဗ်နှင့် ဘစ်နှစ် အိဘာဒသ် ပြုသော စဝါးဗ်ရရှိမည်။

(၁) အခြားသော နေ့များထက် ဂျုမ္မအဟ်နေ့တွင် အိပ်ရာမှ နံနက်စောစောထခြင်း။

(၂) ရေချိုးသန့်စင်ခြင်း။

(၃) သန့်ရှင်းစင်ကြယ်သော အဝတ်အထည်ကို ဝတ်ဆင်ခြင်း။

(၄) ဗလီသို့ စောစီးစွာ သွားရန် သောကထဲား ခြင်း။

(၅) ဗလီသို့ ခြေလျင်သွားခြင်း။

(၆) အိမာမ်နှင့် အနီးဆုံးနေရာ၌ ထိုင်နိုင်ရန် ကြိုးစားခြင်း။

(၇) အကယ်၍ နမာဇ်အတန်းများ ပြည့်နေပြီ ဖြစ်လျှင် လူတို့၏ ပခုံးများအပေါ် ကျော်ဖြတ်၍ ရှေ့မတိုးခြင်း။

(၈) မိမိ၏ အဝတ်နှင့်ဖြစ်စေ၊ လက်နှင့်ဖြစ်စေ၊ ဆော့ကစားခြင်း မပြုဘဲ ငြိမ်သက်စွာ ထိုင်နေခြင်း။

(၉) 'ခွတ်သ်ဗဟ်' ကို အာရုံစူးစိုက်၍ နားထောင် ခြင်း။

## ၂။ စူရာဟ်ကဟာပ်ဖ် ဖတ်ခြင်း

ဟမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ ဂျုမ္မအဟ် နေ့၌ 'စူရာဟ်ကဟာပ်ဖ်' ဖတ်လျှင် ဖတ်သူ၏

ခြေထောက်မှ စ၍ မိုးကောင်းကင်အထိ (နာမ်ပိုင်းဆိုင်ရာ) လင်းဝင်းမှု ရှိနေမည်။ ဂျုမုအာဟ်နှစ်ခုကြား အလယ်၌ ကျူးလွန်မိသော ဂိုနာဟ်များကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည်။ (အိဗ်နိမာဂျဟ်ကျမ်း)

'စူရာဟ်ကဟာပ်ဖ်'၏ ရှေ့ဆုံး (၁၀) အာယသ်နှင့် ပတ်သက်၍ အိမာမ်မွတ်စ်လင်မ်သခင် ဆင့်ပြန့်ထားသည်မှာ အကြင်သူသည် (အာယသ် ၁၀ ခု) ကို အာဂုံ ကျက်မှတ်လျှင်၊ ၎င်းနောက် ဖတ်ရွတ်လျှင် ထိုသူသည် 'ဒတ်ဂျ်ဂျာလ်'၏ ပြဿနာမှ ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံရမည်။

## ၃။ စူရာဟ်ဒုခါန် (အစောင် ၂၅) ဖတ်ခြင်း။

တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်၊ အကြင်သူသည် ဂျုမုအာဟ်ည၌ 'စူရာဟ်ဒုခါန်'ကို ဖတ်လျှင် ဖရစ်ရှ်တာဟ် (၇၀၀၀၀)က ထိုသူ့အတွက် 'အစ်စ်သိဂ်ဖာရ်' ပြုပေးကြသည်။ ထိုသူ၏ ဂိုနာဟ်အားလုံးကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသည်။ (သိရ်မိဇီကျမ်း)

## ၄။ ကုရ်အာန်၏ ရှေ့ဆုံးစူရာဟ်နှင့် နောက်ဆုံးစူရာဟ် (၃) ပုဒ်။

အကြင်သူ ဂျုမုအာဟ်နေ့ ဂျုမုအာဟ်နမာဇ်ဖတ်ပြီး စူရာဟ်ဖာသိဟာဟ်၊ စူရာဟ်အစ်ခ်လားစ်၊ စူရာဟ်ဖလပ်က်၊

စူရာဟ်နားစ်တို့ကို (၇) ကြိမ်စီဖတ်လျှင် ရှိသမျှ မွတ်စ်လင်မ် အမျိုးသား အမျိုးသမီးတို့၏ အရေအတွက်နှင့်အညီ အလ္လာဟ်အရှင်မြတ်က ကုသိုလ်စဝါးဗ် ချီးမြှင့် ပေးသနားတော်မူမည်။ အိဗ်နိုစွန္နီကျမ်း၌ ဂျုမုအဟ်နမာဇ် ဖတ်ပြီးနောက်၊ စူရာဟ် အစ်ခ်လားစ်၊ ဖလပ်က်၊ နားစ်ဟူသော စူရာဟ် (၃) ပုဒ်ကို ဖတ်လျှင် အလ္လာဟ်အရှင်မြတ်က ထိုသူအား ရှေ့လာမည့် ဂျုမုအဟ်နေ့အထိ မကောင်းခြင်းဟူသမျှမှ စောင့်ရှောက်တော်မူမည်ဟု လာရှိသည်။

## ၅။ စူရာဟ်ယာစီးန်နှင့် ဝပ်စ်စွာဖ်ဖားသ်။

အကြင်သူ စူရာဟ်ယာစီးန်နှင့် စူရာဟ်ဝပ်စ်စွာဖ်ဖားသ် (အစောင် -၂၃) တို့ကို ဖတ်ပြီး အလ္လာဟ်အရှင်မြတ်ထံ လိုရာ ဆုဒိုအာကို တောင်းဆိုလျှင် ထိုသူ၏ ဒိုအာများ ကဗူးလ်ဖြစ်မည်။

## ၆။ ဒိုအာနှင့် ဇစ်က်ရ်၌ မွေ့လျော်ခြင်း။

အာအိရှာဟ် (ﷺ) သခင်မသည် 'ဂျုမုအဟ်' နေ့တိုင်း 'အစွရ်' နမာဇ် ဖတ်ပြီးသောအခါ ဒိုအာ၊ ဇစ်က်ရ် စသော အိဗာဒသ်များ၌ မွေ့လျော်နေလေ့ရှိကြောင်း သူမ၏ အထ္ထုပ္ပတ္တိ ကျမ်းများ၌ လာရှိ၏။

မွတ်စ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်အား မေ့လျော့ ကျောခိုင်းသွားသည်အထိ လောကီ ရှာဖွေမှု နှင့် အခြားလုပ်ငန်းအတွင်း၌ နစ်မွန်း မနေသင့်ပါ။ မိမိ၏ သက်တမ်းအတွင်း ရရှိနေသော အဖိုးမဖြတ်နိုင်သည့် ဂျုမုအဟ်နေ့၏ အချိန်များကို 'ဇစ်ကိရ်' 'ဒိုအာ' 'သိလာဝသ်' 'ဒရူးဒ်' နှင့် 'အစ်စ်သိဂ်ဖာရ်' စသည်တို့ ပြုရင်း ကုန်ဆုံးသင့်ပါသည်။

'သပ်စ်ဘီးဟ်' နှင့် 'ဒိုအာ' အချို့ကို သီးသန့် ဖော်ပြထားပါသည်။

## ၇။ စတုတ္ထကလိမဟ်။

သောကြာည (မြန်မာအခေါ် ကြာသပတေးနေ့ည) ၌ စတုတ္ထကလိမဟ်ဖတ်ခြင်း။

لَا اِلٰهَ اِلَّا اللّٰهُ وَحْدَهٗ لَا شَرِيْكَ لَهٗ لَهُ الْمُلْكُ
وَلَهُ الْحَمْدُ يُحْيِيْ وَيُمِيْتُ وَهُوَ حَيٌّ لَّا يَمُوْتُ
بِيَدِهِ الْخَيْرُ وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ط

(လာအိလားဟ အိလ္လလ္လာဟု ဝဟ်ဒဟူ လာရှရီက လဟူ လဟုလ်မွတ်လ်ကု ဝလဟုလ်ဟမ်ဒု

ယုဟ် ယိ ဝယူမိးသု ဝဟုဝ ဟိုက်ယွတ်လ် လာယမူးသု ဘိယဒိ ဟစ်လ် ခိုင်းရု ဝဟုဝ အလာကွတ်လ်လိ ရှိုင်းအင်နကဒီးရ်။)

ကို အကြိမ် (၄၀) ဖတ်လျှင် 'ဟဂ်ျ' ပြုလုပ်သော စဝါးဗ်ကို ရရှိမည်။

## ၈။ အစ်စ်သိဂ်ဖားရ်။

တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ 'ဂျုမုအဟ်'နေ့ 'ဖဂျရ်'နမာဇ် မဖတ်မီ...,

أَسْتَغْفِرُ اللّٰهَ الَّذِىْ لَآ اِلٰهَ اِلَّا هُوَ الْحَىُّ الْقَيُّوْمُ وَاَتُوْبُ اِلَيْهِ ط

(အစ်စ်သဖ်ဖိရွတ်လ်လာ၊ ဟဗ်လ်လဇီ လာအိလားဟ အစ်လ်လာ ဟုဝဗ်လ်ဟိုက် ယွတ်လ်ကိုက် ယူမု၊ ဝအသူ ဘု အိလိုင်းဟ်)

ကို (၃) ကြိမ်ဖတ်လျှင် ထိုသူ၏ ဂိုနာဟ်များသည် မြစ်ပင်လယ်၏ ရေမြှုပ်များနှင့်အမျှ ရှိနေသည်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်။

## ၉။ အစ်စ်မေ့ဇားသ်။ [အလ္လာဟ်]

အကြွင်သူသည်...,

(ယာ...အလ္လာဟ်)ကို နေ့စဉ် အကြိမ် (၁၀၀၀) ဖတ်. လျှင်၊ ပြည့်ဝသော အီမာန်ယုံကြည်မှု ရရှိမည်။ ဂျုမုအဟ်နေ့တွင် ခန္ဓာကိုယ် အဝတ်အစား သန့်ရှင်းစင်ကြယ်စွာဖြင့် ဂျုမုအဟ်နမာဇ် မဖတ်မီ တစ်ဦးတည်း အဖြစ်၌ အကြိမ် (၂၀၀) ဖတ်လျှင် ထိုသူ၏ လိုအင်ဆန္ဒများ မည်မျှခက်ခဲသည်ဖြစ်စေ အားလုံး ပြည့်ဝစေမည်။- သမားတော်များပင် ဆေးဝါးကုသမှုမှ လက်လျှော့ထားရသော ရောဂါသည်များအပေါ် ဖတ်ရွတ်မန်းမှုတ်ပေးပါက ရောဂါဝေဒနာများ ပျောက်ကင်းမည်။

(အအ်မာလေ့ကုရ်အာနီ)

## ၁၀။ ဂုဏ်တော်အမည် اَلْبَاقِیْ

အကြွင်သူသည် ဂျုမုအဟ်နေ့၌ (အပ်လ်ဘားကီ) ဟူသော ဂုဏ်တော်အမည်ကို အကြိမ် (၁၀၀) ဖတ်လျှင် ပြုလုပ်သော ကောင်းမှုလုပ်ငန်းအားလုံး 'ကဗူးလ်'ဖြစ်မည်။

## ၁၁။ လွတ်ငြိမ်းခွင့် ဒိုအာ။

အကြွင်သူ 'ဂျုမုအဟ်' နမာဇ် ဖတ်ပြီးနောက်...,

يَا غَفَّارُ اغْفِرْ لِىْ ذُنُوْبِىْ

(ယာဂပ်ဖ်ဖားရု အဖ်ဂ် ဖစ်ရ်လီဇုနူးဘီ) ဟူသော လွှတ်ငြိမ်းခွင့် ဒိုအာကို အကြိမ် (၁၀၀) ဖတ်လျှင် အလ္လာဟ်အရှင်မြတ်က ထိုသူ၏ အပြစ်များကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည်။

## ၁၂။ ရိုဇီရိက္ခာ ကြွယ်ဝစေရန်။

အနပ်စ် (ﷺ) သခင် မိန့်တော်မူသည်။ အကြင်သူ ဂျုမ္မအဟ်နေ့၌ (အောက်ပါ) ဒိုအာကို အကြိမ် (၇၀) ဖတ်လျှင် ဂျုမ္မအဟ်နှစ်ပတ် မကုန်မီပင် အလ္လာဟ်အရှင်မြတ်က ထိုသူအား ရိုဇီရိက္ခာ ကြွယ်ဝချမ်းသာစေမည်။

اَللّٰهُمَّ اكْفِنِىْ بِحَلَالِكَ عَنْ حَرَامِكَ

وَاَغْنِنِىْ بِفَضْلِكَ عَمَّنْ سِوَاكَ

အလ္လာဟွန်းမ် မတ်ကဖ် ဖိနီ ဘိဟလားလိက အန် ဟရာမိက ဝအပ်ဂ် နီနီ ဘီဖသ္လိက အန်းမ်မန်းန် စိဝါးက်။

## ၁၃။ သပ်စ်ဘီးဟ်

အကြင်သူ ဂျုမုအဟ်နေ့တွင် ဂျုမုအဟ်နမာဇ် ဖတ်ပြီး ပြီးနောက် နမာဇ်ဖတ်သည့် ပုံစံမပျက်မီ (နေရာမှမထမီ)

سُبْحَانَ اللّٰهِ الْعَظِيْمِ وَبِحَمْدِهٖ

**(စွတ်ဗ် ဟားနပ်လ်လားဟစ်လ် အဇွီးမိ ဝဘိဟမ်းမ် ဒိဟီ။)** ကို အကြိမ် (၁၀၀) ဖတ်လျှင် ဖတ်သူ၏ ပြစ်မှု ဂိုနာဟ်တစ်သိန်းကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည်။ ဖတ်ရွတ်သူ၏ မိဘနှစ်ပါး ကျူးလွန်မိခဲ့သော အပြစ်ဂိုနာဟ် (၂၄၀၀၀) ကို ခွင့်လွှတ်ချမ်းသာပေးခြင်း ခံရမည်။

## ဂျုမုအဟ်နေ့၌ ဒရူးဒ်ရှရီးဖ် များစွာ ဖတ်ခြင်း

အဘူဒ်ဒရ်ဒါအ် (ﷺ) သခင်က တမန်တော်မြတ် (ﷺ) ၏ အမိန့်တော်ကို ဤသို့ ဆင့်ပြန်ခဲ့သည်။ 'ဂျုမုအဟ်' နေ့၌ ကျွန်ုပ်အပေါ် များစွာ 'ဒရူးဒ်' ပို့ကြကုန်။

အဘာယ်ကြောင့်ဆိုသော် ထိုနေ့သည် 'ဘရ်ကာသ်' မင်္ဂလာ နှင့် ပြည့်စုံသောနေ့ ဖြစ်သည်။ ဖရစ်ရှ်သဟ်များ ခစား ကြသည်။ ကျွန်ုပ်အပေါ် ဒရူးဒ်ဖတ်၍ ပို့လျှင် ဒရူးဒ်ဖတ် ပြီးသည်နှင့် တစ်ပြိုင်တည်း ဖရစ်ရှ်သဟ် ကောင်းကင် တမန်များက ထိုဒရူးဒ်ကို ကျွန်ုပ်ထံ တင်ဆက်ကြသည်။ ထိုအခါ အဘူဒ်ဒရ်ဒါအ် (رضي الله عنه) သခင်က "ကိုယ်တော် ဝဖားသ်ဖြစ်ပြီးနောက် (ပို့သော 'ဒရူးဒ်') ရောက်ရှိပါ သလား" ဟု လျှောက်ထားမေးမြန်းရာ တမန်တော်မြတ် (ﷺ) က ရောက်ရှိကြောင်း မိန့်ကြားတော်မူသည်။

ဟာဒီးစ်တော်တစ်ရပ်၌ လာရှိသည်မှာ 'ဂျုမုအဟ်' နေ့၌ ကျွန်ုပ်အပေါ် 'ဒရူးဒ်' များစွာ ပို့ကြကုန်။ ကျွန်ုပ်၏ အွန်မ္မသ်က ပေးပို့သော 'ဒရူးဒ်'ကို ဂျုမုအဟ်နေ့တိုင် ကျွန်ုပ်ထံ တင်ဆက်ကြသည်။ (ဂျုမုအဟ်နေ့၌ 'ဒရူးဒ်' ဖတ်ခြင်းဖြင့် တမန်တော်မြတ်(ﷺ) ထံ ချက်ချင်း ရောက်ရှိလေသည်။)

တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ 'ဂျုမုအဟ်' နေ့ (သို့မဟုတ်) 'ဂျုမုအဟ်' ည၌ ကျွန်ုပ် အပေါ် 'ဒရူးဒ်' များစွာ ပို့ကြကုန်။ 'ကိယာမသ်' နေ့၌ ကျွန်ုပ်သည် ထိုသူ့အတွက် သက်သေနှင့် အသနားခံ ပေးသူ ဖြစ်မည်။

(ကန်ဇွတ်လ်အအ်မာလ်ကျမ်း)

တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ အကြင်သူ ဂျူမုအဟ်နေ့ (သို့မဟုတ်) ဂျူမုအဟ်ည၌ ကျွန်ုပ်အပေါ် 'ဒရူးဒ်' အကြိမ် (၁၀၀) ဖတ်၍ ပို့ခဲ့လျှင် အလ္လာဟ်အရှင်မြတ်က ထိုသူ၏ လိုအင်ဆန္ဒပေါင်း (၁၀၀) ကို ပြည့်ဝစေတော်မူမည်။ အလိုဆန္ဒ (၇၀) ကို အာခိရသ်၌ (၃၀) ကို လောက ၌ ဖြည့်စွက်တော်မူမည်။

အလ္လာဟ်အရှင်မြတ်က ထိုဒရူးဒ်ကို ကျွန်ုပ်ထံ ပို့ရန် ဖရစ်ရှ်သဟ်တစ်ပါးကို သတ်မှတ်ထားတော်မူသည်။ အသင်တို့အချင်းချင်း လက်ဆောင်ပစ္စည်းများ ပေးပို့ကြသကဲ့သို့ ဖရစ်ရှ်သဟ်က ဒရူးဒ်ကို ကျွန်ုပ်ထံ ဆက်သလေသည်။ (ကန်ဇွတ်လ်အအ်မာလ်ကျမ်း)

တမန်တော်မြတ် (ﷺ) က မိန့်တော်မူသည်။ 'ဂျူမုအဟ်'နေ့၌ ကျွန်ုပ်အပေါ် ဒရူးဒ်အကြိမ် (၂၀၀) ဖတ်၍ပို့လျှင် ထိုသူ၏ နှစ်ပေါင်း (၂၀၀) က ဂိုနာဟ် (ဆွဂီရာဟ်) များကို ခွင့်လွှတ်တော်မူခြင်း ခံရမည်။

တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ အကြင်သူ 'ဂျူမုအဟ်'နေ့ 'အစွရ်နမာဇ်'ဖတ်ပြီး မိမိ (နမာဇ်ဖတ်သည့်) နေရာမှ မထမီ အောက်ပါဒရူးဒ်ကို အကြိမ် (၈၀) ဖတ်လျှင် ထိုသူ၏ နှစ်ပေါင်း (၈၀) က အပြစ်ဂိုနာဟ် များကို ခွင့်လွှတ် ချမ်းသာပေးခြင်း ခံရမည်။ ထို့အပြင် နှစ်ပေါင်း (၈၀) အိဘာဒသ်ပြုသော အကျိုးစဝါးဗ်ကို ရေးပေးခြင်း ခံရမည်။

## ဒရူးဒ်

اَللّٰهُمَّ صَلِّ عَلٰى مُحَمَّدِ نِ النَّبِيِّ الْاُمِّيِّ

وَعَلٰى اٰلِهٖ وَسَلِّمْ تَسْلِيْمًا

အလ္လာဟွန်းမ္မဆွပ်လ်လိ အလာ မုဟာမ္မဒိနင်းန် နဘီယိလ် အွန်မ္မီယိ ဝအလာ အားလိဟိ ဝစလ်လင်မ် သပ်စ်လီးမာ။

ရှိက်ခွတ်လ်ဟဒီးစ် မော်လာနာ မုဟာမ္မဒ် ဇကရိယာ (ရဟ) သခင်ကြီးသည် 'ဂျုမုအဟ်' နေ့တိုင် 'အစ္စရ်နမာဇ်' ဝတ်ပြုပြီးနောက် အထက်ပါ ဒရူးဒ်ရှရီးဖ်ကို အကြိမ် (၈၀) စွဲမြဲစွာ ဖတ်လေ့ရှိသည်။ မိမိ၏ တပည့်တပန်းများကိုလည်း ဖတ်ရန် တိုက်တွန်းလေ့ရှိသည်။

ဂျုမုအဟ်နေ့ မည်သည့်အချိန်၌ဖြစ်စေ၊ အောက်ပါဒရူးဒ်ကို အကြိမ် (၈၀) ဖတ်လျှင် ထိုသူ၏ နှစ်ပေါင်း (၈၀) က အပြစ်ဂိုနာဟ်များကို ခွင့်လွှတ်ချမ်းသာပေးခြင်း ခံရမည်။

❊❊❊❊❊❊

ဒရူးဒ်

اَللّٰهُمَّ صَلِّ عَلٰى مُحَمَّدٍ عَبْدِكَ وَ نَبِيِّكَ

وَرَسُوْلِكَ النَّبِيِّ الْاُمِّيِّ

(အလ္လာဟွန်းမ္မ၊ ဆွပ်လ်လိ အလာ မုဟာမ္မဒင်န် အဗ်ဒိက ဝနဘီယိက ဝရှူလိကန်န် နဘီယစ်လ် အွန်မ္မီယိ။)

အကြင်မည်သူမဆို (အောက်ပါ) ဒရူးဒ်ဖတ်လျှင် ကျွန်ုပ်၏ ရှဖာအသ်'ဝါဂျိဗ်' ဖြစ်သွားလေသည်ဟု တမန်တော်မြတ် (ﷺ) က မိန့်တော်မူသည်။

اَللّٰهُمَّ صَلِّ عَلٰى مُحَمَّدٍ وَّاَنْزِلْهُ الْمَقْعَدَ

الْمُقَرَّبَ عِنْدَكَ يَوْمَ الْقِيٰمَةِ

အလ္လာဟွန်းမ္မ ဆွပ်လ်လိ၊ အလာမုဟာ (မ်) မဒင်န်၊ ဝအန်ဇိလ်ဟွတ်လ်၊ မတ်က် အဒပ်လ်၊ မုကပ်ရ်ရဘ၊ အင်န်ဒက ယောင်းမတ်လ်ကိယာမဟ်။

(၆) တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။ အကြင်သူသည်...,

جَزَى اللهُ عَنَّا مُحَمَّدًا مَّا هُوَ اَهْلُهُ

ဂျဇလ္လာဟု အန္နာ မုဟမ္မဒန်ဗ် မာဟုဝ အဟ်လုဟူ

ဟူသော'ဒရူးဒ်'ကို တစ်ကြိမ်ဖတ်လျှင် ဖရစ်ရှ်သဟ်ပေါင်း (၇၀) သည် ထိုဒရူးဒ်၏ စဝါးဗ်ကို ရက်ပေါင်း (၁၀၀၀) တိုင် ရေးမှတ်ကြရာ (စဝါးဗ် များပြားမှုကြောင့်) မရေးနိုင်ဘဲ ရှိနေကြမည်။

အခြားရိဝါယသ်တစ်ခု၌ ရေးမှတ်ရင်း ရေးမှတ်ရင်း ဖရစ်ရှ်သဟ်များ မောဟိုက်ကုန်ကြသည်ဟုလည်း ပါရှိသည်။

[ ဓမ္မဒါန ]

اَللّٰهُمَّ صَلِّ عَلٰى مُحَمَّدِنِ النَّبِيِّ الْاُمِّيِّ

အကြင်သူသည် အထက်ပါ ဒရူးဒ်ရှရီးဖ်ကို သောကြာနေ့တွင် အကြိမ်ပေါင်း ၁၀၀၀ ရွတ်ဖတ်ပါက သောကြာ ၅ ပတ် မကုန်ဆုံးမီအတွင်း ကိုယ်တော်မြတ် ﷺ အား အိပ်မက်၌ ဖူးတွေ့ရလိမ့်မည်။